Texas Health

# တုပ်ကွေးအကြောင်းသိရှိနားလည်ခြင်း



## တုပ်ကွေးဆိုတာဘာလဲ?

တုပ်ကွေးဆိုသည်မှာ နှာခေါင်း၊ လည်ချောင်း၊ နှင့် တခါတရံ အဆုတ်များထံသို့ ကူးစက်သည့်ရောဂါပိုးမွှားတစ်ခုဖြစ်သည်။ တုပ်ကွေးသည် လူတစ်ဦးမှနောက်တစ်ဦးသို့အလွယ်တကူ ကူးစက်နိုင်သောကြောင့် တုပ်ကွေးရရှိခြင်းမှ ကာကွယ်ရန် အကောင်းဆုံး နည်းလမ်းမှာ နှစ်စဉ်တုပ်ကွေးကာကွယ်ဆေး ထိုးခြင်း နှင့် မကြာခဏလက်ဆေးခြင်းတို့ဖြစ်သည်။



## တုပ်ကွေး အမူအရာများနှင့် ရောဂါလက္ခဏာများ-

တုပ်ကွေး၏ အမူအရာများနှင့် ရောဂါလက္ခဏာများသည် ယေဘုယျအားဖြင့် ကူးစက်ခံရပြီး ၁ ရက်မှ ၄ ရက်အတွင်းတွင် စတင်ဖြစ်ပေါ်လာသည်။ ဤလက္ခဏာများပါဝင်နိုင်သည်-

- **ရုတ်တရက် အလွန်ဖျားခြင်း**
- **အဖျားတက်ခြင်းနှင့်ခန္ဓာကိုယ်ချမ်းတုန်ခြင်း**
- **ချောင်းဆိုးခြင်းနှင့်လည်ချောင်းနာခြင်း**
- **နှာရည်ယိုခြင်းနှင့်နှာပိတ်ခြင်း**
- **ခန္ဓာကိုယ်နာကျင်ကိုက်ခဲခြင်း**
- **ခေါင်းကိုက်ခြင်း**
- **အလွန်ပင်ပန်းခြင်း** (မောပန်းခြင်း)
- **အော့အန်ခြင်းနှင့်ဝမ်းသွားခြင်း** (ငယ်ရွယ်သော ကလေးငယ် များတွင် အဖြစ်များသည်)



တုပ်ကွေးနှင့် COVID-19 သည် ပြင်းထန်စွာဖျားနာမှုကို ဖြစ်ပေါ်စေနိုင်ပါသည်။ ငယ်ရွယ်သောကလေးငယ်များ အထူးသဖြင့် အသက် ၂ နှစ်အောက် ကလေးငယ်များ၊ အသက် ၆၅ နှစ်အထက်ရှိသော သက်ကြီးရွယ်အိုများ နှင့် ကျန်းမာရေးအခြေအနေ တစ်စုံ တစ်ရာရှိသူများသည် ကူး စက်ခံရနိုင်ခြေပို၍များသည့် အန္တရာယ်ရှိသည်ဟု ယူဆရသည်။



## တုပ်ကွေးရှိသူများသည် မည်သည့်အချိန်တွင် ကူးစက်တတ်သနည်း?

တုပ်ကွေးရှိသူများသည် ဖျားနာပြီး ပထမ ၃ ရက်မှ ၄ ရက် အတွင်းတွင် တုပ်ကွေးရောဂါကို ကူးစက်ပြန့်ပွားစေနိုင်ပါသည်။ သို့သော်၊ အချို့သူများသည် မဖျားနာမီ ၁ ရက် နှင့် ဖျားနာပြီး ၅ ရက်မှ ၇ ရက်အထိ အခြားသူများအား ကူးစက်စေနိုင်ပါသည်။



## တုပ်ကွေးကို ကျွန်ုပ်မည်သို့ ကာကွယ်ရမည်နည်း။

- နှစ်စဉ် တုပ်ကွေးကာကွယ်ဆေးထိုးခြင်း
- ဖျားနာသူများနှင့်ဝေးရာတွင် နေခြင်း
- ချောင်းဆိုးခြင်းများနှင့်နှာချေခြင်းများကို တစ်ရှူးများနှင့် ဖုံးအုပ်ခြင်း (တစ်ရှူးများကို စွန့်ပစ်ပါ)
- သင့်မျက်လုံးများ၊ နှာခေါင်း နှင့် ပါးစပ် ကိုထိတွေ့ကိုင်တွယ် ခြင်းမှ ရှောင်ကြဉ်ပါ (ရောဂါပိုးများသည် ဤနည်းမှ ကူးစက်ပြန့်ပွားနိုင်သောကြောင့်ဖြစ်သည်)
- သင့်လက်များကိုဆပ်ပြာနှင့်ရေဖြင့်အနည်းဆုံး စက္ကန့် ၂၀ ကြာ ဆေးပါ (သို့မဟုတ် အရက်ပြန် ၆၀ ရာခိုင်နှုန်းပါဝင်သော လက်သန့်စင်ဆေးရည်ကိုအသုံးပြုပါ) အထူးသဖြင့် ချောင်းဆိုးခြင်း၊ နှာချေခြင်း သို့မဟုတ် သန့်စင်ခန်းအသုံးပြုပြီး နောက်ပိုင်းတွင် လက်များကို ဆေးပါ။



## ဤနှစ်တွင် တုပ်ကွေးကာကွယ်ဆေးမှာ ထိရောက်မှုသိပ်မရှိဟု ကျွန်ုပ်ကြားရသည်။ ကာကွယ်ဆေးဆက်ထိုးသင့်ပါသလား?

ကာကွယ်ဆေးထိုးပြီးသူ နှင့် တုပ်ကွေးကို ထိုနောက်မှထိတွေ့သူ များသည် တုပ်ကွေးနှင့်ဖျားနာလာခဲ့လျှင် ပြင်းထန်မှုနည်း သည့်ဖျားနာခြင်းရှိနိုင်သည်။ ထို့ကြောင့် ထိုနှစ်တွင် ကာကွယ်ဆေး၏ထိရောက်မှုသည် နည်းသော်လည်း ကာကွယ်ဆေးကိုဆက်လက်၍ ထိုးသင့်သည်။

## တုပ်ကွေးရှိလျှင် ကျွန်ုပ်ဘာလုပ်ရမလဲ?

- အနားယူ၍အရည်အများအပြားသောက်သုံးပါ
- ချောင်းဆိုးခြင်းများနှင့်နှာချေခြင်းများကို တစ်ရှူးများအား အသုံးပြု၍ ဖုံးအုပ်ပါ (တစ်ရှူးများကို စွန့်ပစ်ပါ)
- သင့်လက်များကိုဆပ်ပြာနှင့်ရေဖြင့်အနည်းဆုံး စက္ကန့် ၂၀ ကြာ ဆေးပါ (သို့မဟုတ် အရက်ပြန် ၆၀ ရာခိုင်နှုန်းပါဝင်သော လက်သန့်စင်ဆေးရည်ကိုအသုံးပြုပါ) အထူးသဖြင့် ချောင်းဆိုးခြင်း၊ နှာချေခြင်း သို့မဟုတ် သန့်စင်ခန်းအသုံးပြုပြီးနောက်ပိုင်းတွင် လက်များကို ဆေးပါ။
- အိမ်၌နေပြီးအခြားသူများနှင့်ထိတွေ့ခြင်းကို အဖျားတက်ခြင်း မရှိတော့သည့်နောက် ၂၄ နာရီပြီးသည်အထိ တတ်နိုင်သမျှရှောင်ကြဉ်ပါ။
- လူအများစုဝေးရာနေရာသို့သွားရန်လိုအပ်လျှင် နှာခေါင်း စည်းတပ်ပါ။
- အကယ်၍ စဖျားသည့်အချိန်တွင် သင်စိုးရိမ်လျှင် သို့မဟုတ် ကူးစက်နိုင်ခြေများသည့်အုပ်စုထဲတွင် သင်ပါလျှင် သင့်ဆရာဝန်ကို ဖုန်းခေါ်ဆိုပါ။
- အဖျားကျစေသည့်ဆေးဝါးများ ကို သောက်သုံးပါ သို့မဟုတ် တုပ်ကွေးသီးသန့်ဆေးဝါးဖြစ်သော တုပ်ကွေးရောဂါလက္ခဏာများကို အကျိုးပြုနိုင်သည့် ဆေးဝါးများကို သောက်သုံးပါ။







Texas Health

# တုပ်ကွေးအကြောင်းသိရှိနားလည်ခြင်း

## တုပ်ကွေးရောဂါကာကွယ်ဆေးထိုးခြင်းသည် COVID-19 ရောဂါမှ ကျွန်ုပ်ကို ကာကွယ်ပေးမည်လော။

တုပ်ကွေးရောဂါကာကွယ်ဆေးထိုးခြင်းသည် COVID-19 ရောဂါမှ သင့်ကို မကာကွယ်ပေးနိုင်ပါ။ လုံခြုံသောအကွာအဝေးတွင်နေခြင်း၊ နှာခေါင်းစည်းတပ်ခြင်း နှင့် သင့်လက်များကို ဆပ်ပြာနှင့်ရေဖြင့်အနည်းဆုံး စက္ကန့်၂၀ ကြာ ဆေးခြင်း (သို့မဟုတ် အရက်ပြန် ၆၀ ရာခိုင်နှုန်းပါဝင်သော လက်သန့်စင်ဆေးရည်ကိုအသုံးပြုခြင်း)တို့သည် သင့်အား COVID-19 ရောဂါမှ ကာကွယ်ပေးရန် အထောက်အကူပြု မည်ဖြစ်သည်။

## ကျွန်ုပ်တွင် အအေးမိခြင်း၊ တုပ်ကွေး၊ သို့မဟုတ် COVID-19 ရောဂါရှိသည်ဟု မည်သို့ သိနိုင်မည်နည်း?

တုပ်ကွေးနှင့် COVID-19 ရောဂါရှာဖွေဖော်ထုတ်ပေးနိုင်သည့် ဆေးစစ်စမ်းသပ်မှုများရရှိနိုင်သည်။ အအေးမိခြင်း၊တုပ်ကွေးနှင့် COVID-19 ၏ရောဂါလက္ခဏာ များသည် တူညီနိုင်သောကြောင့် သင့်ဆရာဝန်အား ဖုန်းခေါ်ဆို ရန် အရေးကြီးသည်။ ဤအရာများသည် ရောဂါတစ်ခုစီ၏ ဘုံတူညီသော လက္ခဏာရပ်များကို နှိုင်းယှဉ်ရာတွင် အထောက်အကူပြုသည်-

| ရောဂါလက္ခဏာများ | အအေးမိခြင်း | တုပ်ကွေး | ကိုရိုနာဗိုင်းရပ်(စ်) (COVID-19) |
|---|---|---|---|
| **မည်သို့စတင်ဖြစ်ပေါ်သနည်း** | တစ်ချိန်တွင် အနည်းငယ်သာ စတင်ဖြစ်ပေါ်ခြင်း | တစ်ကြိမ်တည်းတွင် အားလုံးလျင်မြန်စွာ စတင်ဖြစ်ပေါ်ခြင်း | ရောဂါနှင့်ထိတွေ့ပြီး ၂-၁၄ရက်အတွင်းတွင် ပေါ်ပေါက်လာနိုင်သည် |
| **ခေါင်းကိုက်ခြင်း** | ရှားပါးသည် | အဖြစ်များသည် | တစ်ခါတစ်ရံဖြစ်သည် |
| **ဖျားခြင်း** | ရှားပါးသည် | အဖြစ်များသည်၊ ၃-၄ ရက်ကြာသည် | အဖြစ်များသည် |
| **ခန္ဓာကိုယ်နာကျင်ကိုက်ခဲခြင်းနှင့် ဝေဒနာခံရခြင်း** | တစ်ခါတစ်ရံဖြစ်သည် | အဖြစ်များသည်၊ မကြာခဏဆိုသလို ပြင်းထန်သည် | အဖြစ်များသည် |
| **ချမ်းတုန်ခြင်း** | ရှားပါးသည် | အဖြစ်များသည် | အဖြစ်များသည် |
| **ပင်ပန်းနွမ်းနယ်ခြင်း/ အားနည်းခြင်း** | တစ်ခါတစ်ရံဖြစ်သည် | အဖြစ်များသည်၊ ၂-၃ရက်ကြာသည် | အဖြစ်များသည် |
| **နှာရည်ယိုခြင်း/နှာပိတ်ခြင်း** | အဖြစ်များသည် | တစ်ခါတစ်ရံဖြစ်သည် | တစ်ခါတစ်ရံဖြစ်သည် |
| **နှာချေခြင်း** | အဖြစ်များသည် | တစ်ခါတစ်ရံဖြစ်သည် | ရှားပါးသည် |
| **လည်ချောင်းနာခြင်း** | အဖြစ်များသည် | တစ်ခါတစ်ရံဖြစ်သည် | အဖြစ်များသည် |
| **ရင်ဘတ်မအီမသာဖြစ်ခြင်း/ ချောင်းဆိုးခြင်း** | အဖြစ်များသည် - အနည်းအကျဉ်းမှ အတန်အသင့်ဖြစ်သည်၊ တဟွတ်ဟွတ်ချောင်းဆိုးသည် | အဖြစ်များသည် - ပြင်းထန်နိုင်သည် | အဖြစ်များသည် - ပြင်းထန်နိုင်သည် |
| **အသက်ရှူမဝခြင်း/ အသက်ရှူရန်ခက်ခဲခြင်း** | တစ်ခါတစ်ရံဖြစ်သည် | တစ်ခါတစ်ရံဖြစ်သည် | အဖြစ်များသည် |
| **အရသာခံခြင်း/အနံ့ရရှိခြင်း အသစ်ဆုံးရှုံးမှုဖြစ်ပေါ်ခြင်း** | ရှားပါးသည် | ရှားပါးသည် | အဖြစ်များသည် |
| **ဝမ်းသွားခြင်း/အော့အန်ခြင်း** | ရှားပါးသည် | တစ်ခါတစ်ရံ (လူကြီးများထက် ကလေးငယ်များတွင် ပို၍အဖြစ်များသည်) | တစ်ခါတစ်ရံဖြစ်သည် |
| **ထပ်တိုးလာသောရောဂါသစ်များ** | နှာခေါင်းပိတ်ခြင်း၊ နားကိုက်ခဲခြင်း | ချောင်းဆိုးရင်ကျပ်နာ၊ အဆုတ်ရောင်ရောဂါ တို့သည် အသက်အန္တရာယ်ရှိနိုင်သည် | အဆုတ်ရောင်ရောဂါ၊ လေဖြတ်ခြင်း၊ နှလုံးထိခိုက်ခြင်း၊ ကိုယ်ခန္ဓာအင်္ဂါအစိတ်အပိုင်းပျက်စီးခြင်း တို့သည် |
| **ရဓာဂါလက္ခဏာမရှိသည့် အသက်အနတရာယ်ရှိသဓာ ကူးစက်မှုဖစ်ြနိုင်သည်** | ရှားပါးသည် | ရှားပါးသည် | တစ်ခါတစ်ရံဖစ်ြသည် |


သတင်းအရင်းအမြစ်များ-
https://www.cdc.gov/flu/symptoms/symptoms.htm
https://www.cdc.gov/flu/symptoms/flu-vs-covid19.htm
https://www.healthline.com/health-news/flu-allergies-coronavirus-different-symptoms#Despite-symptoms,-its-not-the-flu


**သင့်တွင်ဆရာဝန်မရှိပါက 1-877-THR-WELL (1-877-847-9355). ကိုဖုန်းခေါ်ဆိုပါ။**

Texas Health


ဆေးဘက်ဆိုင်ရာ ဝန်ထမ်းများရှိ ဆရာဝန်များသည် သီးခြားလွတ်လပ်စွာ လုပ်ဆောင်ကပြီး်ဆေးရုံ၏ ဆေးပညာဘွဲ့ရ အစီအစဉ်ရှိ အလုပ်သင် ဆရာဝန်များမှ လွဲ၍ ဆေးရုံ၏ ဝန်ထမ်းများ သို့မဟုတ် ကိုယ်စားလှယ်များ မဟုတ်ကပြါ။ © 2022 Texas Health Resources



MB 2898 8/30/22 EXTHR215B